# COMMUNITY NEWSLETTER

*Weekly newsletter for students and parents*

No.(20), Pyinnyawaddy Street, Yankin Township, Yangon.Ph : +95-9-750212305, +95-9-750212274, +95-9-750212266

**Vol 2, 11 Nov 2023**

လေးစားအပ်ပါသော ကျောင်းသားမိဘများခင်ဗျား

စာသင်နှစ်၏ ဆယ့်နှစ်ပတ်မြောက်ကိုရောက်ရှိနေပြီဆိုသည်မှာ ယုံရခက်လှပါသည်။

ကျောင်းသားများနှင့် ကျောင်းဝန်ထမ်းများသည်လည်း ပညာသင်နှစ်သစ်၏ လုပ်ရိုးလုပ်စဉ်များတွင် ကောင်းမွန်စွာ အခြေကျနေပြီဖြစ်ပြီး ကောင်းမွန်သော သင်ကြားမှုနှင့် သင်ယူမှု အလေ့အကျင့်များစွာကို လုပ်ဆောင်နေသည်မှာထင်ရှားပေါ်လွင်လျှက်ရှိပါသည်။

စာသင်ခန်းများသို့ သွားရောက်ကြည့်ရှုပြီး သင်ကြားမှုနှင့် သင်ယူမှုကို လက်တွေ့ကျကျ မျက်မြင်တွေ့ရသည်မှာ နှစ်သက်ပျော်ရွှင်စရာကောင်းလှပါသည်။

တွဲဖက်သင်ရိုးညွှန်းတမ်းနှင့် အားကစားလှုပ်ရှားမှုများသည် ချောမွေ့စွာလည်ပတ်လျှက်ရှိနေပြီး ကျွန်ုပ်တို့၏ အားကစားသမားအဖွဲ့များသည်လည်း အောင်မြင်မှုများစွာကိုရရှိနေကြရပါသည်။

## သီတင်းကျွတ်ပွဲတော်

အောက်တိုဘာလ ၂၇ ရက် သောကြာနေ့တွင် အဓိပ္ပါယ်ရှိသော သီတင်းကျွတ်ပွဲတော်ကို MIS တွင် ကျင်းပခဲ့ပါသည်။

အလွန်ကောင်းမွန်စွာ စီစဉ်ထားပြီး အဓိပ္ပါယ်ရှိသော အခမ်းအနားအဖြစ်ပြီးမြောက်ခဲ့ပါဖြင့် ယခုကဲ့သို့ ကောင်းမွန်စွာ အခမ်းအနားဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့ကြသော ကျောင်းသားကျောင်းသူများအား ကျေးဇူးတင်ရှိပါသည်။

မစ္စတာ နယ်လ်ဆင် နဲ့ သူ၏ စီစဉ်ပေးသောကော်မတီကိုလည်း ကျေးဇူးတင်ရှိပါသည်။

## ကထိန်

မြန်မာဘာသာရေး ပွဲတော်တစ်ခုဖြစ်သည့် ကထိန်ပွဲတော်ကို ကျောင်း၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့ကြားတစ်ရက်တွင်း ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ရက်အတိအကျကို ကြေငြာပေးသွားမှာ ဖြစ်ပါသည်။ ယခုကျွန်ုပ်တို့ရွေးချယ်ထားသော ဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းမည့် (ကထိန်သစ်ပင်) အတွက် အလှူငွေများကောက်ခံအပ်ပါသည်။ အလှူများတွင် ငွေ၊ သကၤန်းနှင့် သံဃာ

အသုံးအဆောင်များ ပါဝင်ပါသည်။ လှူဒါန်းလိုပါက နိုဝင်ဘာလ **၂၀ ရက် တနင်္လာနေ့** နောက်ဆုံးထားပြီး လှူဒါန်းနိုင်ပါသည်။

အလှူငွေကို Receptionတွင် အပ်နှံနိုင်ပါသည်။ အလှူငွေ၊ ပစ္စည်းများကို ကျောင်းဧည့်ခန်းတွင် ပြသထားမည် ဖြစ်ပါသည်။ အလှူဒါနပြုသည့်နေ့တွင် ပုံမှန်အတိုင်း ကျောင်းသားများသည် အတန်းတက်ကြသော်လည်း အချို့သော ကျောင်းသားများနှင့် ဆရာများက ဘုန်းကြီးကျောင်းတော်သို့သွားကြပါမည်။ထိုကျောင်းသားများအား သီးခြားအကြောင်းကြား သွားမည်ဖြစ်ပါသည်။

**နိုင်ငံတော်သီချင်း**

ယခုအပတ်အစမှစတင်၍ ကျောင်းနေ့တိုင်းကို မြန်မာနိုင်ငံတော်သီချင်းကို ဖွင့်လှစ်ခြင်းဖြင့် စတင်ခဲ့ပါသည်။

ကျောင်းသားအားလုံး စာသင်ခန်းတွင်းရောက်ရှိနေကြချိန် မနက် ၈း၃၀ တွင် နိုင်ငံတော်သီချင်းကို ကျွန်တော်တို့ ဖွင့်လှစ်ပါသည်။

မိဘများအားလုံး မိမိတို့၏သားသမီးများအား ကျောင်းသို့ အချိန်မီရောက်အောင် ကြိုးစားပေးကြပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။

ဤလုပ်ရိုးလုပ်စဉ်သည် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၏ တောင်းဆိုမှုအရလုပ်ဆောင်ရခြင်းဖြစ်ပါသည်။

ဆုတံဆိပ် နေ့စဥ်စာဖတ်ခြင်းတွင် ပါဝင်နိုင်စေရန်အတွက် နံနက် ၈း၁၀ တွင် ကျောင်းတက်သင့်သည်ဟု အထက်တန်းကျောင်းမိဘများအား သတိပေးအပ်ပါသည်။

အလယ်တန်းကျောင်းသားများအား နံနက် ၈း၂၀ တွင်ကျောင်းတက်ရန်မျှော်လင့်ပါသည်။

**World Scholars Cup**

မကြာသေးမီက အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် ကျင်းပခဲ့သော World Scholars Cup တွင် Rhianna နှင့် Phyo တို့က MIS ကို ကိုယ်စားပြုခဲ့ကြပါသည်။

၎င်းတို့သည် မစ္စတာ Dio နှင့် Rhianna နှင့် ဖြိုး၏မိခင်များနှင့်အတူ လိုက်ပါသွားခဲ့ကြပါသည်။

Rhianna သည် ဆုတံဆိပ် ၈ခု (ရွှေ ၄ ဆု နဲ့ ငွေ ၄ ဆု) ၊ ဖြိုးသည် ဆုတံဆိပ် ၆ ခု (ရွှေ ၄ ဆု နဲ့ ငွေ ၂ ဆု ) စွမ်းဆောင်နိုင်ခဲ့သောကြောင့် ဝမ်းသာဂုဏ်ယူမိပါသည်။

Rhianna ၏ ဆုတံဆိပ်များသည် အချေအတင် ဆွေးနွေးခြင်း၊ ပညာရှင်များအားစိန်ခေါ်ခြင်း (တစ်ဦးချင်း အထွေထွေ ဗဟုသုတ) သမိုင်းနှင့် အနုပညာ၊ အရေးအသား နှင့် Scholar Bowl (အသင်းအခြေပြု အထွေထွေ အသိပညာ) အတွက်ဖြစ်ပါသည်။

ဖြိုး၏ ဆုတံဆိပ်များသည် စကားရည်လုပွဲ၊ စာရေးခြင်း နှင့် ပညာရှင်များဖလား အတွက်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏အသင်းသည် နိုင်ငံပေါင်း ၅၀ ကျော်မှ အသင်းပေါင်း ၃၃၀ တွင် အဆင့် ၇၄ ကိုရရှိခဲ့ခြင်းဖြစ်ပါသည်။

ယခုပြိုင်ပွဲသည် ဘန်ကောက်မြို့မှ ကမ္ဘာလုံးအဆင့်ထက်ပို၍ အပြိုင်အဆိုင်များပြီး စိန်ခေါ်မှုလဲ ပိုများကြောင်း မြင်တွေ့ခဲ့ရပါသည်။ Rhianna နဲ့ ဖြိုးတို့အတွက်ဂုဏ်ယူမိပါသည်။

**ကျောင်းစည်းဝေးပွဲ**

မူလတန်းနှင့် အလယ်တန်းဌာနများတွင် စည်းဝေးပွဲအမျိုးမျိုးကို ကျွန်ုပ်တို့ဆောင်ရွက်လျက်ရှိပါသည်။

မူလတန်း၏ Share and Shine စည်းဝေးပွဲများသည်လည်း အလွန်ကောင်းမွန်နေပြီး ဤစည်းဝေးပွဲများအား ဖြစ်မြောက်အောင် ပံ့ပိုးပေးနေသည့် မိဘများစွာကို တွေ့ရသည့်အတွက်လည်းဝမ်းမြောက်မိပါသည်။

အလယ်တန်းတွင် စည်းဝေးပွဲများကို အိမ်ခန်းအတန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပါသည်။

မကြာသေးမီက ၁၂ တန်းနှင့် နှင့် ၁၃ တန်း အိမ်ခန်းအတန်းများတွင် ၎င်းတို့၏ စည်းဝေးပွဲကို တင်ဆက်ခဲ့ပြီး ၎င်းတို့၏ ဆောင်ပုဒ်မှာ ကင်ဆာအသိပညာပေးမှုဖြစ်ပါသည်။

ကင်ဆာအသိပညာပေးအစီအစဉ်အတွက် ရက်သတ္တပတ်၏အချိန်ဇယားကို ကျောင်းသားများမှ သတ်မှတ်ခဲ့ကြပါသည်။ ဝန်ထမ်းများနှင့် ကျောင်းသားများကို ပန်းရောင်တစ်ခုခု ဝတ်ဆင်ရန် တောင်းဆိုသည့် "ပန်းရောင်နေ့" တွင် အရုပ်နှင့် ပန်းရောင်းရငွေများရရှိကာ အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။ ကောက်ခံရရှိသောအလှူငွေများအားလုံးကို ရန်ကုန်မြို့ရှိ ကင်ဆာရောဂါကုဆေးရုံကြီးသို့ လှူဒါန်းသွားမည်ဖြစ်ပါသည်။

**စိတ်ကျန်းမာရေး ရက်သတ္တပတ်**

MISတွင် မကြာသေးမီက ကမ္ဘာလုံးဆိုင်ရာ စိတ်ကျန်းမာရေး ရက်သတ္တပတ်ကို ကျင်းပခဲ့ပါသည်။

မစ္စ Eleanor နှင့်အဖွဲ့သည် ကျွန်ုပ်တို့၏ကိုယ်ပိုင်စိတ်ကျန်းမာရေးကို ဂရုစိုက်ခြင်း၏အရေးကြီးမှုကို အမှတ်အသားပြုရန် ပျော်ရွှင်စရာလှုပ်ရှားမှုများကို ဆက်တိုက်လုပ်ဆောင်ခဲ့ကြပါသည်။

ကောင်းမွန်သော စိတ်ကျန်းမာရေးသည် အလုံးစုံသောသုခအတွက် မရှိမဖြစ်လိုအပ်ပြီး ပြည့်စုံပြီး ဖြစ်ထွန်းသော ဘဝတစ်ခုကို ဦးဆောင်ရန် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် စိတ်ကျန်းမာရေးကောင်းခြင်းသည် စိတ်ရောဂါမရှိခြင်းသာမကဘဲ လူတစ်ဦးချင်းစီ၏ အလားအလာကို သိရှိနားလည်နိုင်စေရန်၊ ပုံမှန်ဘဝ၏ စိတ်ဖိစီးမှုများကို ရင်ဆိုင်နိုင်စေရန်၊ အကျိုးရှိရှိ

အလုပ်လုပ်ဆောင်နိုင်စေရန်နှင့် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းကို အကျိုးပြုနိုင်စေမည့် ကျန်းမာရေးအခြေအနေ တစ်ရပ် ဖြစ်ပါသည်။

စိတ်ကျန်းမာရေးကို ဦးစားပေးခြင်းသည် ကျန်းမာပြီး တိုးတက်သော လူ့အဖွဲ့အစည်းကို မွေးမြူရာတွင် အဓိကကျသော ကဏ္ဍတစ်ခုဖြစ်ပါသည်။

**ဝန်ထမ်းများအား အကဲဖြတ်ခြင်း**

ကျွန်ုပ်တို့၏ ဝန်ထမ်းအသစ်များအားလုံးသည် MIS မိသားစုတွင် ကောင်းမွန်စွာအခြေကျနေကြပြီဖြစ်ပါသည်။

သူတို့အားလုံးသည် စာသင်ကြားရခြင်းကို နှစ်သက်ကြပြီး သူတို့ရဲ့ စာသင်ခန်းများဆီသို့ လာရောက်ရသည်ကို

ပျော်ရွှင်ကြပါသည်။ ကောင်းမွန်သော သင်ကြားမှုနှင့် သင်ယူမှုများစွာလည်း ဖြစ်ပေါ်နေပါသည်။

အထွေထွေဝန်ထမ်းအကဲဖြတ်ခြင်းစနစ်ကိုကောင်းမွန်စွာလုပ်ဆောင်နေပြီး တစ်နှစ်ပတ်လုံး မြင့်မားသော ပညာရေး စံနှုန်းများကို ဆက်လက်ထားရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဝန်ထမ်းများ၏ ကိုယ်ပိုင်အကဲဖြတ်မှုများနှင့် သက်တူရွယ်တူလေ့လာသုံးသပ်မှုများကို ပြီးမြောက်ခဲ့ပြီး တရားဝင်သင်ခန်းစာလေ့လာသုံးသပ်မှုများကိုလည်း စတင်ခဲ့ပါသည်။

ဤအကဲဖြတ်မှုစနစ်၏ ပြင်းထန်မှုသည် ကျွန်ုပ်တို့၏ဆရာများအတွက် အကောင်းဆုံးသော သင်ကြားရေး နည်းလမ်းများကို လုပ်ဆောင်စေနိုင်ကြောင်းကို သေချာစေပါသည်။

**နေ့လည်စာစားချိန် လှုပ်ရှားမှုများ (စကားရည်လုပွဲ၊ သင်္ချာမေးခွန်းနှင့် တေးဂီတ)**

နေ့လည်စာစားချိန်တွင် စကားစစ်ထိုးပွဲနှင့် တေးဂီတဖျော်ဖြေပွဲများကို ဤစာသင်နှစ်တွင် စတင်ခဲ့ပြီး အလယ်တန်းကျောင်းသားများကြားတွင် အလွန်ရေပန်းစားလျှက်ရှိပါသည်။

စကားရည်လုခြင်းစွမ်းရည်သည် ကောင်းမွန်သောဘာသာစကားအသုံးပြုမှုကို ဖွံ့ဖြိုးတိုးတက်လာစေရန်ပြီး မတူညီသောအမြင်များကို မည်သို့ဆွေးနွေးရန်/ငြင်းခုံရန်ကို လေ့လာသင်ယူရန်အတွက် ကူညီပေးပါသည်။

သင်္ချာဌာနမှ စီစဉ်သော သင်္ချာမေးခွန်းစာမေးပွဲအား ယနေ့နေ့လည်စာစားချိန်တွင် ကျင်းပလျှက်ရှိပါသည်။

၎င်းအစီအစဉ်သည် သင်္ချာကျွမ်းကျင်မှုကို မြှင့်ဝေရန်အတွက် အလွန်ကောင်းမွန်ပြီး စိတ်လှုပ်ရှားဖွယ်ကောင်းသော နည်းလမ်းတစ်ခုဖြစ်မည်ဟုယုံကြည်ပါသည်။

ဂီတကျောင်းသားများသည်လည်း ဂီတဖျော်ဖြေပွဲမျိုးစုံဖြင့် ၎င်းတို့၏ စွမ်းရည်များကို ပြသခဲ့ကြပါသည်။

ကျောင်းသားများသည် ခန်းမထဲတွင် ထိုင်ကာ ဂီတဖျော်ဖြေပွဲများကို နားထောင်ရင်း နေ့လည်စာစားကြပါသည်။

**ကျောင်းလည်ပတ်မှုဆိုင်ရာလုပ်ရိုးလုပ်စဉ်များ**

ကျောင်းသို့လာရောက်လည်ပတ်ကြသောသူများအနေဖြင့် ကျွန်ုပ်တို့၏ ကျောင်းလည်ပတ်မှုဆိုင်ရာလုပ်ရိုးလုပ်စဉ်များအားလိုက်နာပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါသည်။

MIS ကို မရောက်ဖူးသေးသောသူများအတွက်လည်းလုပ်ရိုးလုပ်စဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

• အချိန်မီ ရက်ချိန်းယူပါ (အနည်းဆုံး ၂၄ နာရီ)

• MIS သို့ရောက်ရှိသောအခါ၊ လုံခြုံရေးဂိတ်တွင် လက်မှတ်ထိုးဝင်ပြီး ဧည့်သည်လည်ဆွဲကဒ်ပြားကို ဝတ်ဆင်ရန် လိုအပ်ပါသည်

• သင့်အား ဧည့်ကြိုကောင်တာသို့ ခေါ်ဆောင်သွားမည်ဖြစ်ပြီး တွေ့ရန်ချိန်းဆိုထားသူကို ခေါ်ပေးပါမည်။

• သင့်ချိန်းဆိုမှုပြီးသည်နှင့်၊ သင်သည် လုံခြုံရေးဂိတ်မှတစ်ဆင့်ထွက်ခွာပြီး ဧည့်သည်လည်ဆွဲကဒ်ပြားကို ပြန်ပေးရပါမည်။

• ရက်ချိန်းကြိုတင်စာရင်းသွင်းခြင်းမရှိဘဲ ဆရာများ သို့မဟုတ် သင်ကြားရေးလက်ထောက်များကို ချိန်းဆိုပေးမည်မဟုတ်ပါ။ ကျောင်းသားများ၏ စာသင်ကြားရေးကို အနှောင့်အယှက်ဖြစ်စေသောကြောင့်ဖြစ်ပါသည်။

**ကျောင်းသားမိဘဆွေးနွေးပွဲ**

ကျွန်ုပ်တို့သည် မိဘဖိုရမ်များစွာကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါသည်။ စိတ်ဝင်စားစရာကောင်းပြီး နွေးထွေးဖော်ရွေသောပတ်ဝန်းကျင်တွင် မိဘများနှင့် ၎င်းတို့၏သက်ဆိုင်ရာ ပြဿနာများအား ဆွေးနွေးရခြင်းကို ကျွန်ုပ်တို့နှစ်သက်ပါသည်။

မိဘများအားပံ့ပိုးကူညီရန် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ အဆိုပြုထားသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်သော ပေးပို့ထားသော စာစောင်အား တုံ့ပြန်ခဲ့ကြသော မိဘများအားလုံးကို ကျေးဇူးတင်ပါသည်။ သင်၏ပံ့ပိုးမှုသည် တန်ဖိုးမဖြတ်နိုင်ပါ။ ကျွန်ုပ်တို့ပြန်လည် မကြာမီ ဆက်သွယ်ပေးပါမည်။

**STEM ပွဲတော်**

မကြာသေးမီက သိပ္ပံဌာနသည် အလယ်တန်းကျောင်းမှ ကျောင်းသားများ၏ ပရောဂျက်များကို ထုတ်လုပ်ပြသသည့် STEM ပွဲတော်ကို ကျင်းပခဲ့ပါသည်။ ကျွန်ုပ်တို့၏ကျောင်းသားများထံမှ ယခုကဲ့သို့သော ဆန်းသစ်တီထွင်မှုများကို မြင်တွေ့ရပြီး ဤပရောဂျက်ကြောင့် များစွာသောပျော်ရွှင်မှုကို မြင်တွေ့ရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်။

## အခြေခံမူလတန်းကျောင်းဖွင့်ပွဲနေ့

အခြေခံမူလတန်းကျောင်းသည် ယခုအခါ အခြေခံမူလတန်းကျောင်းဝင်းအတွင်းသို့ အပြည့်အဝ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ပါသည်။ မစ္စ Arlene သည် အခြေခံမူလတန်းကျောင်းအုပ်ဖြစ်ပါသည်။

ကျောင်းအဆောက်အဦများတွင် အလုပ်များစွာပြီးမြောက်ခဲ့ပြီးဖြစ်ပါသည်။ အရောင်အစုံလင်၍ စိတ်လှုပ်ရှားဖွယ်ရာကောင်းသော အဆောက်အဦကို ဖန်တီးပေးသည့်အတွက် ကျွန်ုပ်တို့၏ အုပ်ချုပ်ရေးအဖွဲ့၊ မစ္စ Arlene နှင့် Ms. Lovely ကို ကျေးဇူးတင်ရပါမည်။

အခြေခံမူလတန်းကျောင်းသို့ လာရောက်လည်ပတ်ရသည်မှာ လွန်စွာစိတ်ကြည်နူးစရာဖြစ်ပြီး သင်ကြားမှု နှင့် သင်ယူမှုအား အပြည့်အဝရစေသော ပျော်ရွှင်စရာကောင်းသော ဆော့ကစားမှုများ ရှိနေသည်ကိုလည်း တွေ့မြင်နေရပါသည်။

Nursery နှင့် KG ဝန်ထမ်းများသည် စိတ်ကူးသစ်များနှင့် ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ဖြစ်ပေါ်စေသည့် ကောင်းမွန်သော အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကို မကြာသေးမီက တက်ရောက်ခဲ့ပါသည်။

အခြေခံမူလတန်းကျောင်းသည် ၎င်းတို့၏ ပထမဆုံး ဖွင့်ပွဲနေ့ကို မကြာသေးမီက ကျင်းပခဲ့ပါသည်။

မိဘများစွာ တက်ရောက်ကြပြီး သားသမီးများနှင့် အပြန်အလှန်ဆက်ဆံကြသည်ကိုတွေ့ရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်။

အခြေခံမူလတန်းကျောင်းဝန်ထမ်းများသည် ကျွန်ုပ်တို့၏ Cambridge အစောပိုင်းနှစ်များ အစီအစဉ်၏ စိတ်လှုပ်ရှားမှုကို ပြသသည့် အလွန်ကောင်းမွန်သော အလှည့်ကျပြုလုပ်မည့် အစီအစဉ်ကို ရေးဆွဲခဲ့ပါသည်။

## အကဲဖြတ်ကာလ

ယခုနှစ်တွင် ကျွန်ုပ်တို့သည် နိုဝင်ဘာလတွင် တရားဝင် အကဲဖြတ်စစ်ဆေးမှုကာလကို မလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ပါသည်။

နိုဝင်ဘာလကို တရားဝင်အကဲဖြတ်ရန်အတွက် သီးသန့်သတ်မှတ်ထားပြီး ဆရာ၊ဆရာမများသည် ၎င်းတို့၏ ဘာသာရပ်/အတန်းများအတွင်း အကဲဖြတ်ချက်များအား တရားဝင်စာမေးပွဲပုံစံအကဲဖြတ်မှုများအဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

ဤသို့ပြုလုပ်ခြင်းဖြင့် ကာလကြာမြင့်သော "စာမေးပွဲများ" ၏အနှောင့်အယှက်မရှိစေဘဲ ကျောင်းသားများအား စာကို အဆက်မပြတ်သင်ကြားရန်ခွင့်ရှိစေမည်ဖြစ်ပါသည်။ ဆရာဆရာမများမှ ၎င်းတို့၏ အကဲဖြတ်ပွဲကျင်းပမည့်နေ့ရက်များကို ၎င်းတို့ကျောင်းသားများထံ ကြိုတင်အကြောင်းကြားပေးမည်ဖြစ်ပါသည်။

**UK တက္ကသိုလ်များမှလာရောက်လည်ပတ်ခြင်း**

နိုဝင်ဘာလ ၁၇ ရက်၊ သောကြာနေ့ နေ့လည် ၂း၀၀ နာရီတွင် MISထံ အောက်ဖော်ပြပါ UK တက္ကသိုလ်များမှ ကိုယ်စားလှယ်များ လာရောက်မည်ဖြစ်ပါသည်။

Mr. Christian မှ ကျွန်ုပ်တို့၏အကြီးတန်းကျောင်းသားများအား UK တက္ကသိုလ်များနှင့် တွေ့ဆုံနိုင်စေရန် ဤပွဲကို စီစဉ်မည်ဖြစ်ပါသည်။

1. University of Essex
2. University of Exeter
3. University of Leeds
4. University of Leicester
5. Middlesex University London
6. University of Portsmouth
7. Queen's University Belfast
8. University of Sheffield
9. University of Sussex
10. Teesside University

**အရေးကြီးသောရက်စွဲများ**

| | |
|---|---|
| နိုဝင်ဘာလ ၁၀ ရက် | IGCSE and A Level ဘွဲ့လက်မှတ်ပေးအပ်ခြင်း စည်းဝေးပွဲ |
| နိုဝင်ဘာလ ၁၁ ရက် | BSY U19 ဘော်လီဘောပြိုင်ပွဲ |
| နိုဝင်ဘာလ ၁၂ ရက် | U14 BSY ဘတ်စကက်ဘောပြိုင်ပွဲ |
| နိုဝင်ဘာလ ၁၅ ရက် | ၉တန်း ကျောင်းသားမိဘဆွေးနွေးပွဲ |

| | |
|---|---|
| နိုဝင်ဘာလ ၁၇ ရက် | UK တက္ကသိုလ်များမှလာရောက်လည်ပတ်ခြင်း |
| နိုဝင်ဘာလ ၂၅ ရက် | ကွန်မြူနတီအသင်းမှ စိန့်မေရီမိဘမဲ့ဂေဟာသို့ သွားရောက်ခြင်း။ |
| နိုဝင်ဘာလ ၂၇ ရက် | ကထိန်ပွဲတော်အားလပ်ရက် |
| နိုဝင်ဘာလ ၂၈ ရက် | Week Without Walls – Secondary Department |
| ဒီဇင်ဘာ ၆ ရက် | Melia Hotel တွင် သီဆိုဖျော်ဖြေခြင်း |
| ဒီဇင်ဘာ ၇ ရက် | အမျိုးသားနေ့ အားလပ်ရက် |
| ဒီဇင်ဘာ ၈ ရက် | မိဘဆရာများ အစည်းအဝေးများ |
| ဒီဇင်ဘာ ၁၃ ရက် | ခရစ္စမတ်ဖျော်ဖြေပွဲ - Sky Star ဟိုတယ် |
| ဒီဇင်ဘာ ၁၅ ရက် | ၁၂း၀၀ တွင် ဒီဇင်ဘာလ ကျောင်းပိတ်ပါသည် |

MIS တွင် လှုပ်ရှားမှုများစွာ ဆက်လက်ရှိနေဆဲဖြစ်ပြီး ကျောင်းသားများနှင့် ဝန်ထမ်းများ ကောင်းမွန်စွာ ထိတွေ့ဆက်ဆံလျက်ရှိသည်ကို မြင်တွေ့ရသည်မှာ များစွာဝမ်းမြောက်ဖွယ်ကောင်းလှပါသည်။

မိဘများ၏ ပံ့ပိုးမှုအတွက် ကျေးဇူးတင်ပါသည်။

လေးစားစွာဖြင့်,

Richard MacLean

Chief Education Officer